# မာတိကာ


၁။ စာရေးသူ၏အမှာ ၅
၂။ သူငယ်ချင်းအတွက် ဂုဏ်ပြုအမှာစာ ၇
၃။ နိဒါန်း ၁၁
၄။ အခန်း (၁)
မိုင်းမောလုံဟူသည် ၁၃
၅။ အခန်း (၂)
မိုင်းမောလုံမင်းဆက်၏ တော်ဝင်မျိုးရိုးအမည် ၁၉
၆။ အခန်း (၃)
နိုင်ငံတည်ထောင်သည့် ဆေခန်ဖှမင်း ၂၃
၇။ အခန်း (၄)
ဆေမင်းဆက်နှင့် မင်တရုတ်အင်ပါယာတို့ ထိတွေ့မှုစတင်ခြင်း ၂၉
၈။ အခန်း (၅)
မိုင်းမောလုံနှင့် အင်းဝပြည်၏ စစ်ရေး၊ နိုင်ငံရေးပဋိပက္ခ ၄၃
၉။ အခန်း (၆)
မိုင်းမောလုံနိုင်ငံကို အားနည်းစေခဲ့သည့် ပြည်တွင်းစစ်မီး ၅၃
၁၀။ အခန်း (၇)
မိုင်းမောလုံနိုင်ငံ၏ ပြိုကွဲမှုစတင်ခြင်း ၆၅
၁၁။ အခန်း (၈)
မိုင်းမောလုံနိုင်ငံကို ပြန်လည်စုစည်းလိုသည် ဆေရန်ဖ (သိုင်ဘွား) မင်း ၇၉
၁၂။ အခန်း (၉)
မင်တရုတ်အင်ပါယာ၏ ထိုးစစ် ၉၁
၁၃။ အခန်း (၁၀)
မိုင်းမောလုံနိုင်ငံပျက်စီးခြင်း ၉၇
၁၄။ အခန်း (၁၁)
ဆေမင်းဆက်တို့တည်ထောင်သည့် မိုးညှင်းခေတ် ၁၀၃
၁၅။ အခန်း (၁၂)
မိုးညှင်းပြည်ထောင်နှင့် အင်းဝပြည်ထောင်တို့၏
စစ်ရေး၊ နိုင်ငံရေးပြဿနာများ ၁၁၃
၁၆။ အခန်း (၁၃)
မိုးညှင်း၊ မိုးမိတ်နှင့် သိန္နီတို့၏ ပဋိပက္ခ ၁၁၉
၁၇။ အခန်း (၁၄)
အင်းဝပြည်ကို သိမ်းပိုက်ခဲ့သည့် မိုးညှင်းဆေမင်းဆက် ၁၂၇
၁၈။ အခန်း (၁၅)
မိုးညှင်းဆေမင်းဆက်၏ နိဂုံး ၁၃၃
၁၉။ အခန်း (၁၆)
မှေးမှိန်သွားရသည့် ဆေမင်းဆက်မျိုးနွယ်များ ၁၄၇
၂၀။ အခန်း (၁၇)
မင်တရုတ်ခေတ်မှတ်တမ်းမှ မိုင်းမောလုံခေတ်ဗဟိုဒေသ၏
ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးစံများနှင့် မိုင်းမောလုံခေတ်စာပေအက္ခရာ ၁၅၁
၂၁။ အခန်း (၁၈)
ပိုင်ရီကျွမ့်မှတ်တမ်းအရ မိုင်းမောလုံဒေသရှိရှမ်းနှင့် တရုတ်အင်ပါယာ၏
စတင်ဆက်စပ်မှုနှင့် မိုင်းမောလုံနိုင်ငံ၏ အကျယ်အဝန်း ၂၄၉
၂၂။ နောက်ဆက်တွဲ (၁) ၂၆၁
၂၃။ နောက်ဆက်တွဲ (၂) ၂၆၄
၂၄။ ကျမ်းကိုးစာရင်း ၂၆၈


❐

# စာရေးသူ၏ အမှာစာ

စာရေးသူသည် မူလက သမိုင်းသုတေသန နယ်ပယ်နှင့် ကောင်းစွာရင်းနှီးခြင်း မရှိခဲ့ပါ။ သို့သော် ရှမ်းတိုင်းရင်းသားတို့ ဝတ်ဆင်သည့် ရိုးရာဝတ်စုံကို စတင် သတိပြုမိချိန်ကစ၍ သမိုင်းနယ်ပယ်နှင့် နီးစပ်လာခဲ့သည်။ ရိုးရာဝတ်စုံများ၏ ချုပ်လုပ်ပုံ၊ အရောင်စပ်ပုံတို့နှင့် ခေတ်ပြောင်းလာခြင်းနှင့်အတူ ပြောင်းလဲလာသည့် ရှမ်းရိုးရာဝတ်စုံတို့၏ ပုံစံတို့ကို လေ့လာရသည့်အခါ သမိုင်းနယ်ပယ်ကို ကျော်၍မရကြောင်း နားလည်လာခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံအကြောင်းကို လေ့လာရာတွင် ဝတ်စုံနှင့်ပတ်သက်သည့် အခေါ်အဝေါ်များ၊ ချုပ်လုပ်သည့် မူလပုံများကို တိကျစွာ မှတ်တမ်းတင်ထားခြင်း မရှိသည့်အပြင် စိတ်ကူးတည့်ရာ ချုပ်လုပ်ဝတ်ဆင်နေကြသည်များကသာ လွှမ်းမိုးနေသဖြင့် မိမိမှာ လေ့လာရခက်ခဲခဲ့သည်။ သို့သော် ငယ်စဉ်က ပညာသင်ကြားရာတွင် ကံကောင်းထောက်မစွာဖြင့် သင်ကြားခဲ့ရသော တရုတ်စာပေကြောင့် ရှေးခေတ် တရုတ်နန်းတွင်း မှတ်တမ်းများကို လေ့လာဖတ်ရှုနိုင်ခဲ့ရာ ယွင်(မွန်ဂို)အင်ပါယာခေတ်၊ မင်တရုတ်အင်ပါယာခေတ်နှင့် မန်ချူးအင်ပါယာခေတ်တို့တွင် မှတ်တမ်းတင်ခဲ့သည့် ရှမ်းနှင့်သက်ဆိုင်သော မှတ်တမ်းများမှ ရိုးရာဝတ်စုံဆိုင်ရာ အကြောင်းအရာများကို လေ့လာနိုင်ခဲ့ပါသည်။

ထိုသို့ လေ့လာခဲ့ရာမှ သမိုင်းနယ်ပယ်နှင့် နီးစပ်လာခဲ့ပြီး ရှမ်းသမိုင်းမှတ်တမ်းများတွင် လိုအပ်နေသေးသည့် ခေတ်ပြိုင်မှတ်တမ်းအတွက် တရုတ်နန်းတွင်းမှတ်တမ်းများ၏ အရေးပါပုံကို နားလည်လာရသည်။ ဤတွင် တရုတ်နန်းတွင်းမှတ်တမ်းများကို အချိန်ပေး၍ ပိုလေ့လာဖြစ်ခဲ့ပြီး လူမှုကွန်ရက်များတွင် စတင်မျှဝေပေးခဲ့သည်။ လူမှုကွန်ရက်တွင် ဝေဖန်သုံးသပ်သူများကြားမှ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း (ရန်ကုန်)၏ တာဝန်ရှိလူကြီးမင်းများ ဖြစ်ခဲ့ဖူးသူ ပါ့နန်းဝိုးဆိုင်နှင့် ပီစိုင်းလျှန်းဟာန်(ကျိန်းတုံ)၊ သူငယ်ချင်းဖြစ်သူ အိုက်ဆေခမ်းဖတို့၏ စာအုပ်မှတ်တမ်းအဖြစ် ထုတ်ဝေရန် အကြံပြုမှုနှင့် ကူညီမှုများကို



ရရှိခဲ့သည်။ ထိုအကြံပြုမှုများကြောင့် တရုတ်နန်းတွင်း မှတ်တမ်းများမှ မိမိကိုယ်တိုင် မှတ်စုထုတ်၍ လေ့လာခဲ့ရသော ရှမ်းသမိုင်းမှတ်တမ်းများအနက် မိုင်းမောလုံနိုင်ငံနှင့် ပတ်သက်သည့် သမိုင်းစဉ်ကို စာအုပ်မှတ်တမ်း အဖြစ် ထုတ်ဝေရန် ၂၀၁၉ ခုနှစ်တွင် စတင်ကြိုးစားခဲ့ရာ ယခု ၂၀၂၂ ခုနှစ်တွင် ပြီးမြောက်နိုင်ခဲ့ပါသည်။

တရုတ်နန်းတွင်း မှတ်တမ်းများထဲမှ ရှမ်းနှင့်ပတ်သက်သည့် သမိုင်းမှတ်တမ်းများမှာ အကြောင်းအရာစုံလင်သည်။ ခုနှစ်သက္ကရာဇ်များ၊ လူပုဂ္ဂိုလ်တို့၏အမည်များ၊ ဒေသ၊ မြို့၊ ရွာ၊ မြစ်ချောင်း၊ တောင် စသည့် အမည်များအပြင် လူမှု၊ စီးပွားဆိုင်ရာ မှတ်တမ်းများ၊ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ မှတ်တမ်းများ စသဖြင့် စေ့စုံစွာတွေ့ရှိရသည်။ ၎င်းမှတ်တမ်းများသည် အလုံးစုံ ခိုင်မာသည်ဟု မဆိုနိုင်သော်ငြား လိုအပ်နေသေးသည့် ရှမ်းသမိုင်းသုတေသနနယ်ပယ်အတွက် အကိုးအကားပြု လေ့လာနိုင်သည့် ခေတ်ပြိုင်မှတ်တမ်းကောင်းများ ဖြစ်နေသည်ကိုမူ မငြင်းဆိုနိုင်ပါ။ သမိုင်းသုတေသန နယ်ပယ်တွင် ခေတ်ပြိုင် မှတ်တမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါပြီး ခေတ်ပြိုင်မှတ်တမ်းမပါသော သမိုင်းသုတေသနသည် ဆားမပါသော ဟင်းကဲ့သို့ မပြည့်စုံနိုင်ကြောင်းကို ကမ္ဘာ့သမိုင်းပညာရှင်များကပင် မိန့်ဆိုထားကြပြီးဖြစ်ရာ ရှမ်းသမိုင်းသုတေသီတို့အနေဖြင့် သတိပြုမိရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိအနေဖြင့် ရှမ်းသမိုင်းသုတသန နယ်ပယ်အတွက် အကိုးအကား ပြုနိုင်သော တရုတ် နန်းတွင်းမှတ်တမ်းများပါ ရှမ်းသမိုင်းဆိုင်ရာ အကြောင်းအရာများကို ဘာသာပြန် သုတေသနနည်းလမ်းဖြင့် လေ့လာသုံးသပ်၍ ရေးသားဖော်ပြအပ်ပါသည်။

ဤစာအုပ်သည် နှလုံးသားအာဟာရပေးသည့် ဝတ္ထုမျိုး မဟုတ်သကဲ့သို့ မျိုးချစ်ဇာတိမာန်စိတ် တစ်ခုတည်းကို အခြေခံ၍ ရေးသားထားသော ဒဏ္ဍာရီဆန်သည့် ရာဇဝင်စာအုပ်မျိုးလည်း မဟုတ်ပါ။ ချစ်ခြင်း၊ မုန်းခြင်း ကင်းစွာဖြင့် တရုတ် နန်းတွင်းသမိုင်းမှတ်တမ်းပါ အကြောင်းအရာများကို ဘာသာပြန် သုတေသနပြုထားသည်ဖြစ်ရာ အပျော်ဖတ်လိုသူများ၊ မျိုးချစ်စိတ်ဖြင့် ဖတ်လိုသူမျာအတွက် အဆင်ပြေမည့် စာအုပ်မျိုး ဖြစ်လိမ့်မည်တော့မဟုတ်ပေ။ ဤစာအုပ်ပါ အကြောင်းအရာအားလုံးသည် ရှမ်းသမိုင်း သုတေသနနယ်ပယ်အတွက် ရည်ရွယ်သည်ဖြစ်၍ မှားခြင်း၊ မှန်ခြင်း၊ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းကိုမူ စာရှုသူတို့က လွတ်လပ်စွာ တွေးခေါ်မြော်မြင်နိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

ဝေါင်းမိုင်းခမ်း
၁၇· ၄· ၂၀၂၂

❐